# ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒနှင့်

# ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး

# ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်

# National Rural Sanitation & Hygiene Policy and Costed Implementation Plan

## Objectives

- ကျေးလက်ဒေသများတွင် အမြဲတမ်းနေထိုင်သူများ၊ ကာလတို/ကာလရှည် ဧည့်သည်များ၊ ကာလတို/ကာလရှည်ရွှေ့ပြောင်းနေထိုင်သူများ၊ တစ်ရက် သို့မဟုတ် ပိုမိုကြာမြင့်သောကာလ အတွင်း အလုပ်လာလုပ်သူများ အားလုံး တောထိုင်ခလေ့ကင်းစင်စေရန်။
- ကျေးလက်ဒေသများရှိ လူအားလုံးသည် ၂၀၃၀ ခုနှစ်တွင် အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှု လက်လှမ်းမီရရှိအသုံးပြုနိုင်ရေးနှင့် ဆပ်ပြာဖြင့် လက်ဆေးနိုင်ခြင်းကို မိမိနေအိမ်၊ စာသင်ကျောင်း၊ အလုပ်နေရာ၊ အများပြည်သူဆိုင်ရာနေရာများ၊ အန္တရာယ်ကျရောက်ချိန်(သို့မဟုတ်) အရေးပေါ်အခြေအနေများနှင့် အခြားလိုအပ်သောနေရာများစသည်တို့တွင် နေရာမရွေးအချိန် မရွေးလက်လှမ်းမီရရှိရန်။ (အိမ်သာနှင့်လက်ဆေးရန်နေရာ၊ အစားအသောက်စားသည့်နေရာ နှင့် လက်ဆေးရန် နေရာများသည် နီးကပ်ပြီး အချိန်မရွေး လွယ်ကူစွာအသုံးပြုနိုင်ရန်)
- အိမ်သာများ၏ အနည်းဆုံး ၇၀% သည် ၂၀၃၀ ခုနှစ်တွင် ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို ပြည့်မီပြီး ကျန် ၃၀ % သည် ၂၀၃၅ ခုနှစ်တွင် ပြည့်မီရန်။
- တောထိုင်ခလေ့ ကင်းစင်ခြင်းနှင့် ကောင်းမွန်သန့်ရှင်းသော အိမ်သာများကို လက်လှမ်းမီမှုသည် ရပ်ရွာလူ့အဖွဲ့အစည်း၏စံ ဖြစ်လာပြီး ၎င်းစံအမူအကျင့်များသည် အနာဂါတ်အတွက် ရေရှည်တည်တံ့မှုကို အာမခံချက်ရှိရန်။

- တောထိုင်ခလေ့ကင်းစင်သော မြန်မာနိုင်ငံကျေးလက်ဒေသ မျှော်မှန်းချက် ၂၀၃၀ သည် တောထိုင်ခလေ့ကင်းစင်သော မြန်မာနိုင်ငံဖြစ်ရန်။